Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၆၈) နေ့စွဲ။ ၃၁.၁၀.၂၀၁၅ (စနေနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၃၁.၁၀.၁၅ | 7 Day Daily No (895) p (9) | ဒေါ်အောင်ဆန်းစုကြည် | **ရွေးကောက်ပွဲတွင် ဒီချုပ်က မည်သည့် ရလဒ်ရရှိသည်ဖြစ်စေ၊ တည်တည်ငြိမ်ငြိမ် လက်ခံကြရန် ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်း**<br>လာမည့် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီသည် မည်သည့်ရလဒ်ရရှိသည်ဖြစ်စေ တည်တည်ငြိမ်ငြိမ်ဖြင့် လက်ခံကြရန် ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ လာမည့် ရွေးကောက်ပွဲတွင် NLD ပါတီသည် ၁၉၉၀ ရွေးကောက်ပွဲကဲ့သို့ပင် အပြတ်အသတ် အနိုင်ရမည်ဟု မျှော်မှန်းထားပြီး မည်သည့်ရလဒ်ကိုမဆို လက်ခံမည်ဖြစ်ကြောင်း NLD အဖွဲ့ချုပ်ပါတီအားထောက်ခံသူ တာမွေမြို့တွင် နေထိုင်သည့် ဦးဝင်းမျိုးက ပြောသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်းတွင် မပါသဖြင့် မဲပေးခွင့်မရပါကလည်း ပြဿနာမရှာဘဲ ညှိနှိုင်းကြရန် ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။ အောက်တိုဘာ ၂၉ ရက်ညတွင် သာကေတမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အပြီး နောက်တစ်ရက်၌ ဒေါ်အောင်ဆန်းစုကြည်က ယင်းသို့ အသိပေးပြောကြားခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် ရုပ်သံဗီဒီယိုဖိုင် သည် ၇ မိနစ်ကျော်ကြာမြင့်ခဲ့ပြီး မဲပေးရမည့်နေ့တွင် လိုက်နာရမည့် အချက်များ၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးကိစ္စများကို ထည့်သွင်းပြောကြားခဲ့ကာ ၄င်းကိုယ်တိုင် သရုပ်ပြခဲ့သည်။<br>မင်းဟိန်းကျော် |
| ၂ | ၃၁.၁၀.၁၅ | 7 Day Daily No (895) p (6) | Election | **မကွေးမြို့နယ် ဒီချုပ်အောင်နိုင်ရေးအတွက် အနုပညာရှင်များလာရောက်မဲဆွယ်စည်းရုံး**<br>မကွေးမြို့နယ် ဒီချုပ်ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် အောက်တိုဘာ ၃၀ ရက်မှစ၍ အနုပညာရှင်များ လာရောက်မဲဆွယ်စည်းရုံးရေး စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။ |

| | | | | |
|---|---|---|---|---|
| | | | | အောက်တိုဘာ ၃၀ ရက်တွင် မကွေးမြို့နယ် ဒီချုပ်အောင်နိုင်ရေး မဲဆွယ်စည်းရုံးရန် ဆာတိုရီရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာရီဇော်နှင့် သရုပ်ဆောင်သစ်ဒေါင်းတို့ ရောက်ရှိလာပြီး ကျေးရွာများတွင် လှည့်လည်ကာ ဒီချုပ်အောင်နိုင်ရေး နှုန်းဆော်မှုများပြုလုပ်ခဲ့ပြီး အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်၊ ၂ ရက်များတွင် ဒါရိုက်တာ ကြည်ဖြူသျှင်နှင့် အဖွဲ့ အနုပညာရှင်များက မင်းဘူး၊ မင်းလှမြို့များသို့ လိုက်လံစည်းရုံးမည်ဖြစ်သည်။ အောက်တိုဘာ ၃၁ ရက်တွင် သရုပ်ဆောင် နေယံ၊ ဒေါင်းနှင့် ဝင့်ယမုံလှိုင်တို့ကလည်း စည်သူဖြိုးဖောင်ဒေးရှင်းအဖွဲ့နှင့် ပူးပေါင်း၍ မကွေးမြို့ပေါ်တွင် လှည့်လည်ကာ ဒီချုပ်အောင်နိုင်ရေးအတွက် ဖျော်ဖြေမည်ဖြစ်သည်။<br>မိုးကျော် |
| ၃ | ၃၁.၁၀.၁၅ | 7 Day Daily No (895) p (12) | Election | **မွန်ပြည်နယ်တွင် ရွေးကောက်ပွဲစောင့်ကြည့်သည့် အဖွဲ့ခုနစ်ဖွဲ့စောင့်ကြည့်လေ့လာမည်**<br>နိုဝင်ဘာ ၈ ရက်ရွေးကောက်ပွဲတွင် မွန်ပြည်နယ်အတွင်း မဲစာရင်းများ တိကျမှန်ကန်မှုရှိစေရန် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ ခုနစ်ဖွဲ့ရှိကြောင်း မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်မှသိရသည်။ ယင်းခုနစ်ဖွဲ့အနက် ဖန်တီးအိမ်၊ People Alliance For Credible Elections (PACE)၊ အမျိုးသားလူငယ်ကွန်ဂရက်၊ စကားဖြူနှင့် Rain Maker အဖွဲ့တို့သည် ပြည်နယ်ကော်မရှင် ခွင့်ပြုချက်ဖြင့် မွန်ပြည်နယ်တစ်ခုလုံးကို စောင့်ကြည့်မည်ဖြစ်သည်။ ကျန်အဖွဲ့နှစ်ဖွဲ့အနက် ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာစောင့်ကြည့်ရေးအဖွဲ့သည် ကျိုက်ထိုမြို့နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်ရုံးတို့သည် လမိုင်းမြို့နယ်တို့တွင် စောင့်ကြည့်မည်ဖြစ်ကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူး ဦးဟိဏ်းလင်းထက်ကဆိုသည်။ မွန်ပြည်နယ်အတွင်း ရွေးကောက်ပွဲစောင့်ကြည့်ရန် ဖန်တီးအိမ်မှ ၇၀ ဦး၊ PACE မှ ၅၇ ဦး၊ အမျိုးသားလူငယ် ကွန်ဂရက်မှ ၃၆ ဦး၊ စကားဖြူ အဖွဲ့မှ ၁၈ ဦး၊ Rain Maker မှ ၁၅၆ ဦး၊ ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့မှ ၄၂ ဦး၊ မသန်စွမ်းသူ များရှေ့ဆောင်မှ ၁၅ ဦးဖြင့် စောင့်ကြည့်သူဦးရေ စုစုပေါင်း ၃၉၄ ဦး ရှိကြောင်းသိရသည်။<br>သဋ္ဌာလှိုင် |
| ၄ | ၃၁.၁၀.၁၅ | 7 Day Daily No (895) p (12) | Election | **ကချင်အမျိုးသားကွန်ဂရက်ပါတီ မြစ်ကြီးနားမြို့တွင် မဲဆွယ်**<br>ကချင်အမျိုးသားကွန်ဂရက်ပါတီ KNCD က အောက်တိုဘာ ၃၀ ရက်တွင်မြစ်ကြီးနားမြို့တွင် ကားများ၊ ဆိုင်ကယ်များနှင့် စီတန်းလှည့်လည်ကာ မဲဆွယ်စည်းရုံး ဟောပြောမှုများပြုလုပ်ခဲ့သည်။ စီတန်းလှည့်လည်ရာတွင် ကားအစီးရေ ၃၀ ခန့် နှင့် အတူလူဦးရေ ၃၀၀ ခန့်ပါရှိကြောင်း KNCD မှ မြစ်ကြီးနားပြည်သူ့လွှတ် |

| | | | | |
|---|---|---|---|---|
| | | | | တော် ကိုယ်စားလှယ်လောင်း ဦးထွယ်နော်က ပြောသည်။ ဒီချုပ်နှင့် ပြည်ခိုင်ဖြိုးပါတီသာ စီတန်းလှည့်လည်ခြင်းမျိုးလုပ်ဆောင်လျက်ရှိပြီး ဒေသခံပါတီများမှာ ယခုကဲ့သို့ မဲဆွယ်ခြင်းမျိုးမရှိခဲ့ကြောင်း သိရသည်။ KNCD ပါတီသည် ကချင်ပြည်နယ်ရှိ မြို့နယ် ၁၃ မြို့နယ်တွင် ကိုယ်စားလှယ်လောင်း ၃၇ ဦး ယှဉ်ပြိုင်မည်ဖြစ်သည်။<br>မရန် |
| ၅ | ၃၁.၁၀.၁၅ | Daily Eleven Pg (3) | Election | **မိုင်းရှူးမြို့နယ် SNLD ပါတီက ဒေသခံ ၄၀၀၀ ကျော်၏ လက်မှတ်ကောက်ခံပြီး ရွေးကောက်ပွဲကျင်းပရေး ပြန်လည်သုံးသပ် စဉ်းစားပေးရန် ခရိုင်ကော်မရှင်ထံစာပို့**<br>တိုက်ပွဲများကြောင့် မိုင်းရှူးနှင် ကျေးသီးမြို့နယ်များတွင် ရွေးကောက်ပွဲမပြုလုပ်ရန် ကော်မရှင်၏ ကြေညာချက်အား ပြန်လည်သုံးသပ်စဉ်းစားပေးရန် မိုင်းရှူးမြို့နယ် SNLD ကျားခေါင်းပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်မှုဖြင့် မိုင်းရှူးဒေသခံ ၄၀၀၀ ကျော်၏ လက်မှတ်များကောက်ခံကာ ခရိုင်ရွေးကောက်ပွဲကော်မရှင်သို့ အောက်တိုဘာ ၃၀ ရက်တွင် ပေးပို့ခဲ့သည်ဟု မိုင်းရှူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။ လက်ရှိ တိုင်းရင်းသားပါတီများနှင့် အဆွယ်အပွားပါတီများသည် ဒီမိုကရက်တစ်ပါတီစစ်စစ်ဖြစ်သော SNLD နှင့် NLD ပါတီများ မဲကွဲအောင် လုပ်ဆောင်ခြင်းသာဖြစ်ကာ အဆိုပါ ပါတီများသည် လက်ရှိ အာဏာရပါတီကြီးကို အတိုက်အခံသိပ်မလုပ်ဘဲ အတိုက်အခံပါတီကြီးများကို ပြိုင်ဘက်လုပ်နေသည်မှာ စဉ်းစားစရာကိစ္စတစ်ခုဖြစ်ကြောင်း ကျားခေါင်းပါတီ တွဲဖက်အတွင်းရေးမှူး ဦးစိုင်းလိတ်ကပြောသည်။ အဆိုပါ တိုင်းရင်းသားအမည်ခံ ပါတီများ၏ နောက်ကွယ်တွင် အာဏာရပါတီ၏ ဆက်စပ်မှုကိုကြည့်လိုကလျှင် အဖြေထွက်နိုင်ကြောင်း မိုင်းရှူးလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုင်းထွန်းအေးက ပြောကြားသည်။<br>စည်သာ (တောင်ကြီး) |
| ၆ | ၃၁.၁၀.၁၅ | Daily Eleven Pg (16) | Election | **မိုင်းရှူး၊ ကျေးသီးမြို့နယ်များနှင့် တန့်ယန်း၊ ဟိုပန်မြို့နယ်တို့ရှိ ရပ်ကွက်ကျေးရွာအုပ်စုများတွင် ရွေးကောက်ပွဲမကျင်းပရခြင်းအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရှင်းလင်းချက်ထုတ်ပြန်**<br>ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ရွေးကောက်ပွဲမကျင်းပရခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာ ၃၀ ရက်နေ့က ကြေညာချက်ထုတ်ပြန်ရှင်းလင်းခဲ့သည်။ ထုတ်ပြန်ရှင်းလင်းချက်၌ ရှမ်းပြည်နယ်အတွင်းရှိ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့အား မြို့နယ်တစ်ခုလုံးစီနှင့် တန့်ယန်းမြို့နယ်၊ ဟိုပန်မြို့နယ်များအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၀ တို့တွင် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုကြောင်း |

| | | | | |
|---|---|---|---|---|
| | | | | အောက်တိုဘာ ၂၇ ရက်နေ့က ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ကော်မရှင်အဖွဲ့ခွဲများ၊ ပါတီများနှင့် ရွေးကောက်ပွဲဝင် ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ တင်ပြချက်များအပေါ် သုံးသပ်၍ ဥပဒေနှင့်အညီ ရွှေ့ဆိုင်းခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ ထို့ပြင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီနှင့် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်း နယ်မြေဒေသအခြေအနေကြောင့် ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန် ကော်မရှင်သို့တင်ပြခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ |
| ၇ | ၃၁.၁၀.၁၅ | 7 Day Daily No (895) p (2) | NLD | **လူကြိုက်အများဆုံးနိုင်ငံရေးပါတီ အွန်လိုင်းစစ်တမ်းတွင် ဒီချုပ်ဦးဆောင်**<br>ဖေ့ဘွတ်ခ် သုံးစွဲသူများအားကောက်ခံခဲ့သည့် နိုင်ငံရေးပါတီများ လူကြိုက်များမှု အွန်လိုင်းစစ်တမ်းတစ်ရပ်တွင် NLD ပါတီသည် အားပေးထောက်ခံသူ တစ်သိန်းသုံးသောင်းကျော်ဖြင့် ရာခိုင်နှုန်းအများဆုံးဖြစ်ခဲ့သည်။ အောက်တိုဘာ ၂၂ ရက်မှ ၃၀ ရက်နေ့အထိ ဖေ့ဘွတ်ခ်သုံးစွဲသူများ ကြိုက်နှစ်သက်သည့် ပါတီအလံအား Profile Picture ပြုလုပ်မှုများကို ကောက်ယူခဲ့ခြင်းဖြစ်ပြီး ရက်သတ္တပတ်အတွင်း အသုံးပြုသူ တစ်သိန်းခွဲခန့်ကို အခြေခံကောက်ယူ၍ စစ်တမ်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၁၃၀၈၃၅ ဦးက ဒီချုပ်၏အလံကို ပရိုဖိုင်ပြောင်းလဲခဲ့၍ စစ်တမ်း၏ ၉၃ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ခြင်းဖြစ်သည်။ ပြည်ခိုင်ဖြိုးပါတီက ၄၀၀၆ ဦးဖြင့် စစ်တမ်း ၂ ဒသမ ၉ ရာခိုင်နှုန်းရရှိပြီး ဒုတိယနေရာ၊ ရခိုင်အမျိုးသားပါတီ ANP ၂၆၅၃ ဦးဖြင့် တတိယနေရာ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD က ၇၆၉ ဦးဖြင့် စတုတ္ထနေရာ အသီးသီးရပ်တည်ခဲ့ကြသည်။ စစ်တမ်းကို ချာပါတီအမည်ဖြင့် အွန်လိုင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးပါတီ ၉၁ ပါတီအနက် ၁၂ ပါတီ၏အလံများ ထားရှိပေးကာ ဖေ့ဘွတ်ခ်သုံးစွဲသူများ၏ ပရိုဖိုင်ကို မိမိတို့အားပေးသည့် ပါတီအလံပုံဖြင့် ပြောင်းလဲစေခြင်းဖြစ်သည်။<br>ထက်အာကာကျော် |
| ၈ | ၃၁.၁၀.၁၅ | 7 Day Daily No (895) p (9) | ၈၈၈ | **နောင်လာမည့် အစိုးရသစ် မြေယာပြဿနာများ ဖြေရှင်းရေး ပြင်ဆင်ထားရန် ၈၈ ကျောင်းသားခေါင်းဆောင်ပြော**<br>နောင်လာမည့် အစိုးရသစ်သည် မြေယာပြဿနာများကို တာဝန်ယူဖြေရှင်းရေး မူဝါဒများ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်များကပြောသည်။ မြေယာသိမ်းမှုဖြစ်စဉ်မှာ မူဝါဒအလွဲများကြောင့် လယ်သမားများ ဘဝနစ်နာမှုကိုသာဖြစ်ပေါ်စေခဲ့ပြီး လက်ရှိအစိုးရက |

| | | | | |
|---|---|---|---|---|
| | | | | ထိရောက်သည့် ဖြေရှင်းမှုမျိုး မလုပ်ဆောင်နိုင်ခဲ့ကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များက ပြောသည်။ မြေယာနှင့် ပတ်သက်သည့် ခိုင်မာတိကျသောမူဝါဒကို ပွင့်လင်းမြင်သာစွာ ဆွဲနိုင်ရန် တွန်းအားပေးသွားမည်ဖြစ်ပြီး ၄င်းတို့အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှနေ၍ တတ်နိုင်သလောက် ပါဝင်လုပ်ဆောင်သွားမည်ဟု ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ဦးမြအေးက ပြောသည်။ ၈၈ မျိုးဆက် ပွင့်လင်းလူ့အဖွဲ့အစည်း၏ လယ်ယာစီးပွားနှင့် တောင်သူလယ်သမားရေးရာဌာနအနေဖြင့် ပြည်နယ် ခုနစ်ခုရှိ မြေယာအမှုအခင်း တစ်ထောင်ကျော်ကို တစ်နှစ်နှင့် နှစ်လကြာ သွားရောက်ကြားနာမေးမြန်းမှုများ ပြုလုပ်ပြီး တွေ့ရှိချက်များနှင့် ပတ်သက်၍ သုံးသပ်အကြံပြုစာတမ်းကို အောက်တိုဘာ ၃၀ တွင် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။<br>မိုးမင်း၊ ထက်အာကာ |
| ၉ | ၃၁.၁၀.၁၅ | Daily Eleven Pg (6)<br><br>The Voice Weekly Vol.11 No.41 Pg (3) | 8888 | **အစိုးရသိမ်းသည့် မြေယာအများဆုံးဖြစ်ဟု ၈၈ မျိုးဆက် ထုတ်ပြန်**<br>မြန်မာနိုင်ငံအတွင်း တောင်သူလယ်သမားများ နေထိုင်သည့် ပြည်နယ်များတွင် မြေယာသိမ်းဆည်းမှုများကို လေ့လာကြည့်ပါက အစိုးရမှသိမ်းဆည်းသည့်ပမာဏမှာ ၃၈ ဒသမ ၂ ရာခိုင်နှုန်းရှိနေပြီး စစ်တပ်ခေါင်းစဉ်ဖြင့် သိမ်းဆည်းသည့်ပမာဏ ၃၄ ဒသမ ၇ ရာခိုင်နှုန်းရှိနေကြောင်း ၈၈ မျိုးဆက် (ငြိမ်း/ ပွင့်) တောင်သူလယ်သမားရေးရာဌာနက အောက်တိုဘာ ၃၀ ရက်နေ့က ထုတ်ပြန်သည့် '**တောင်ယာခင်းနှင့် သွေးချင်းမျက်ရည်**" မှ သိရသည်။ မြန်မာနိုင်ငံတွင် လက်ရှိမြေယာနှင့်ပတ်သက်သည့် အရှုပ်အရှင်း ပြဿနာများ ကြီးထွားနေကြောင်း၊ လေ့လာချက်အရ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မြေယာအသိမ်းခံရမှုအများဆုံးဖြစ်ကြောင်းနှင့် ယင်းပြဿနာများကို ဖြေရှင်းပေးနိုင်ရန်မှာ လူထုကို ကိုယ်စားပြုသည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာမှ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ၈၈ မျိုးဆက် (ငြိမ်း/ ပွင့်) မှ ကိုထွန်းမြင့်အောင်က ပြောသည်။ အဆိုပါ စစ်တမ်းသည် ၈၈ မျိုးဆက်များမှ ပြည်နယ်ခုနစ်ခုသို့ ကိုယ်တိုင်သွားရောက် ကွင်းဆင်း၍ လယ်ယာမြေအမှုပေါင်းများစွာကို ထုတ်ဖော်ခဲ့ခြင်းမှ ရရှိလာခြင်းဖြစ်သည်။ |
| ၁၀ | ၃၁.၁၀.၁၅ | Daily Eleven Pg (17) | USDP | **ရွေးကောက်ပွဲ၌ အနိုင်ရခဲ့လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအား တစ်ဦးတစ်ယောက်အတွက် ပြင်ဆင်ရန်မရှိကြောင်း ဦးဌေးဦး ပြော**<br>လာမည့် အထွေထွေရွေးကောက်ပွဲ၌ ပြည်ခိုင်ဖြိုးပါတီအနေဖြင့် အနိုင်ရရှိခဲ့ပါက ဖွဲ့စည်းပုံအခြေခံဥပဒေအား တစ်ဦးတစ်ယောက်အတွက် ပြင်ဆင်ရန်မရှိကြောင်း ပါတီပူးတွဲဥက္ကဋ္ဌ ဦးဌေးဦးက အောက်တိုဘာ ၂၉ ရက်နေ့က ဟင်္သာတမြို့နယ်၊ နတ်မော်၊ ဝေဠုဝန်ဘုန်းကြီးကျောင်း၌ မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ အမြဲတမ်းမှန်ကန်သည့် ဥပဒေဆိုသည်မှာ |

| | | | | |
|---|---|---|---|---|
| | | | | မရှိကြောင်းနှင့် အခြေအနေနှင့် အချိန်အခါပေါ် မူတည်၍ ပြောင်းလဲနေရဦးမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်အတွက် ဥပဒေအားပြင်ဆင်ရန်မရှိကြောင်းနှင့် ပြည်သူအများစုအတွက် လိုအပ်သည်ဆိုပါက အားလုံးအတူတကွ ဝိုင်းဝန်းစဉ်းစားပြင်ဆင်ကြရမည်ဖြစ်ကြောင်း ဦးဌေးဦးက ပြောကြားခဲ့သည်။ |
| ၁၁ | ၃၁.၁၀.၁၅ | Daily Eleven Pg (25) | USDP | **ပြောင်းလဲချင်သည်ဟုပြောဆိုနေသူများ အာဏာကို ငမ်းငမ်းတက် လိုချင်နေမှု၊ အခွင့်အရေးလိုချင်မှုနှင့် မနာလိုမှုများကို ပြောင်းလဲရမည်ဖြစ်ကြောင်း သူရဦးအေးမြင့် ပြော**<br>ပြောင်းလဲချင်သည်ဟု ပြောဆိုနေကြသူများအနေဖြင့် အမှန်တကယ်ပြောင်းလဲရမည်မှာ အာဏာကို ငမ်းငမ်းတက်မက်မောနေမှု၊ အခွင့်အရေးအားလုံးရယူလိုမှုနှင့် မနာလိုမှုများဖြစ်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုဥက္ကဋ္ဌ သူရဦးအေးမြင့်က အောက်တိုဘာ ၃၀ ရက်နေ့က ရေဦးမြို့နယ်တွင်ပြုလုပ်သော ပါတီဝင်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။ အပြောင်းအလဲဟုဆိုတိုင်း မကောင်းကြောင်း၊ ပြောင်းလဲပုံမမှန်သည့်အတွက် ကမ္ဘာပေါ်တွင် သတ်ဖြတ်မှုများဖြင့် မီးဟုန်းဟုန်းတောက်နေသည့် နိုင်ငံများစွာရှိနေကြောင်း၊ ဒီမိုကရေစီကိုလွန်ပါက မင်းမဲ့စရိုက်နှင့် ဆူပူအကြမ်းဖက်မှုများဆီသို့ ရောက်ရှိသွားနိုင်သဖြင့် ပြည်သူများအနေဖြင့် သတိချပ်စေချင်ကြောင်း ပြောကြားသွားခဲ့သည်။ |
| ၁၂ | ၃၁.၁၀.၁၅ | 7 Day Daily No (895) p (6) | ငြိမ်းချမ်းရေး | **အရပ်ဘက် ကိုယ်စားလှယ်များ ပါဝင်သော အပစ်ရပ်စောင့်ကြည့်ရေးအဖွဲ့များ ဒေသအဆင့် ဖွဲ့စည်းနိုင်ရေး ဆွေးနွေး**<br>ရန်ကုန်မြို့တွင် ပြုလုပ်နေသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC အစည်းအဝေးတွင် အရပ်ဘက်ကိုယ်စားလှယ်များ ပါဝင်သော ပူးတွဲစောင့်ကြည့်ရေးအဖွဲ့များကို ဒေသအလိုက် အဆင့်ဆင့်ဖွဲ့စည်းနိုင်ရန်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်းသိရသည်။ အောက်တိုဘာ ၂၉ ရက်မှ စတင်ကာ ရန်ကုန်မြို့တွင် ပြုလုပ်သော ပထမအကြိမ် JMC အစည်းအဝေးတွင် အရပ်သားကိုယ်စားလှယ် များ ပါဝင်သော စောင့်ကြည့်ရေးအဖွဲ့များကို ပြည်ထောင်စု၊ ပြည်နယ်နှင့် ပဋိပက္ခဖြစ်ပွားသည့် ဒေသများတွင် ဖွဲ့စည်းနိုင်ရေး ဆွေးနွေးနေကြောင်း အစည်းအဝေး တက်ရောက်သူများကဆိုသည်။ NCA ပြဋ္ဌာန်းချက်များအရ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီး ၁၄ ရက်အတွင်း JICM ကို ခေါ်ယူရမည်ဖြစ်သည်။ ထို့နောက် ရက်ပေါင်း ၃၀ အတွင်း JMC နှင့် UPDJC ကို ဖွဲ့စည်းရမည်ဖြစ်ပြီး ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေး ဆွေးနွေးပွဲများ စတင်ရမည်ဖြစ်သည်။<br>အောင်ခိုင် |

| | | | | |
|---|---|---|---|---|
| ၁၃ | ၃၁.၁၀.၁၅ | Daily Eleven Pg (17) | တပ်မတော် | **ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတ်မှတ်ချက်များနှင့် အညီသာ ဆောင်ရွက်သွားမည်ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြော**<br>ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ သတ်မှတ်ချက်များနှင့် အညီသာ ဆောင်ရွက်သွားမည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အောက်တိုဘာ ၃၀ ရက်နေ့က ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ အုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ် (၂/ ၂၀၁၅) မှ သင်တန်းသား/သူ အရာရှိများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။ ၂၀၁၁ ခုနစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲဖော်ဆောင်ရာ၌ တဖြည်းဖြည်းချင်း ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ ယိုင်မသွားစေရန် တပ်မတော်အနေဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးအရ ရပ်တည်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ လာမည့်ရွေးကောက်ပွဲ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရမည်ဟု တပ်မတော်အနေဖြင့် ထုတ်ဖော်ပြောကြားပြီးဖြစ်ကြောင်းနှင့် ကြိုတင်မဲများကိုလည်း ကော်မရှင်၏ သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်ချုပ်မှ ပြောကြားခဲ့သည်။ |

ONLINE NEWS

MILITARY

## Mind-set များ ပြောင်းလဲရန်လိုအပ်နေသေး

31.10.2015

ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းတွင် ခိုင်ခိုင်မာမာနှင့် စနစ်တကျသွားနိုင်ရန် ဆက်လက် ကြိုးပမ်း ဆောင်ရွက်ရ မည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊စီးပွားရေး၊အုပ်ချုပ်ရေးအရအမှန်တကယ် ပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက် နေသော်လည်း Mind-set များ ပြောင်းလဲရန် လိုအပ်နေသေး ကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍ လည်း တပ်မတော် အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိ ရမည် ဟု ထုတ်ဖော် ပြောကြားခဲ့ပြီး ဖြစ်ကြောင်း၊ ကြိုတင်မဲ ပေးခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မဲဆန္ဒပေးရာတွင်ဖြစ်သင့်သည့်အချက်များကိုလည်းချပြရှင်းလင်းခဲ့ကြောင်း၊မိမိတို့အနေဖြင့်နိုင်ငံတော်အလံကိုင်ပြီး နေ့စဉ်နေ့တိုင်း သစ္စာလေးချက် ရွတ်ဆိုနေကြသူများလည်း ဖြစ်သောကြောင့် သစ္စာမမဲ့ရန် ၊ သစ္စာမြဲရန်လိုကြောင်း၊ငါ့နိုင်ငံတော်၊ငါ့နိုင်ငံသား၊ငါ့တပ်မတော်အတွက်ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏ဆိုသော လွန်စွာတန်ဖိုးရှိသည့် သစ္စာစကားနှင့်အညီ တပ်မတော်သားဘဝမှအငြိမ်းစားယူပြီးသေသည်အထိ မိမိကိုယ်မိမိအပေါ်တွင်လည်းကောင်း၊ တပ်မတော် အပေါ် တွင် လည်းကောင်း၊ နိုင်ငံတော် အပေါ်တွင် လည်းကောင်း သစ္စာရှိပြီး ကောင်းအောင် ကြိုးပမ်းလုပ်ဆောင်မည့်စိတ်နှလုံးဖြင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှပြောကြား သွားသည်။Kamayut Media

**PEACE/ARM CONFLICT**

## TNLA တပ်ရင်း ၇၇၇ စခန်းများအား တပ် ၉၉မှ ထပ်မံတိုက်ခိုက် သိမ်းပိုက် ။

30.10.2015

TNLA သောင်းကျန်းသူ တပ်ရင်း ၇၇၇ အဖွဲ့သည်ကွတ်ခိုင်မြို့နယ်ဟူဖြတ်ကျေးရွာမြောက်ဘက်လွယ်တန်တောင်ကျော တွင်ခြေကုတ်စခန်းများတည်ဆောက်၍ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းဆပ်ကြေးကောက်ခြင်းဒေသခံ ပြည်သူလူထုအား ပြန်ပေးဆွဲ၍ငွေဖြင့်ပြန်လည် ရွေးစေခြင်းများဆောင်ရွက်လျက်ရှိသောကြောင့်တပ်မ(၉၉)ကွပ်ကဲမှုအောက် တပ်ရင်းများ မှ ယနေ့ နံနက်ဂ၆ဂဂ ချိန် တွင် စတင်တိုက်ခိုက်ချေမှုန်းရာ TNLA  အဖွဲ့ သည် တပ်းရင်း ၇၇၇ စခန်းများ အားစွန့်ပစ်၍ ဆုတ်ခွာခဲ့ရပါသည်။တိုက်ပွဲတွင်TNLAတပ်မဟာ ၅ရင်း၇၇၇၏ စခန်းများအား သိမ်းပိုက်းရရှိခဲ့ပြီး တပ်မတော် အနေ ဖြင့် ထိခိုက်ကျဆုံးမှု မရှိ ခဲ့ ကြောင်း သိရပါသည်။ရန်ကုန်သတင်းစာမျက်နှာများ Facebook

## SSPP/SSA ဌာနချုပ်အနီးရှိ စကခ ၂ မှ တိုက်ပွဲအတု ဆင်နွှဲ

31.10.2015

သျှမ်းပြည် တောင်ပိုင်း လွယ်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့  အခြေ စိုက် အမှတ် ၂ စစ်ဆင်ရေး  ကွပ်ကဲမှု ဌာနချုပ်၌ တိုက်ပွဲအတု တခု အား အောက်တိုဘာ၂၉ ရက် မှယနေ့ နံနက်အောက်တိုဘာ ၃ဂရက်နေ့နံပိုင်းအထိအစိုးရတပ်မှညလုံးပေါက် ဆင်နွဲ့သောကြောင့် ဒေ သခံများ စိုးရိမ်ထိပ်လန့်နေကြသည်။ ထို့အတူ မိုင်းရှူးမြို့နယ် မိုင်းစံမြို့ အခြေစိုက် ခလရ ၁၅ဂ မှလည်း သီတင်း ကျွတ် လပြည့်ညက မိုင်းစန်ဒေသခံများ တိုးနယား ကိန္နရီကိန္နရာအကတို့ ဖြင့် မြတ်စွာဘုရားအား ရည်စူး၍ပူဇော်ကပြ စဉ် လက်နက်ကြီးလက်နက် ငယ်များပစ်ခတ်သောကြောင့် ပွဲလန့်ကာထွက်ပြေးကြသဖြင့် အချင်းချင်း တက်နင်းမိ၍ဒဏ်ရာရသူ များရှိသည်ဟုသိရသည်။၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် 'SSA ဝမ့်ဟိုင်းမှ သျှမ်းပြည် တပ်မ တော် က မိမိတို့၏ တပ်စခန်းများအား ၁၈ ရက်နေ့တကြိမ်၊ ၁၆ ရက်နေ့တွင် တကြိမ်လာရောက်တိုက်ခိုက်သည့်အတွက် တပ်မတော် စစ်ကြောင်းမှ လိုက်လံ တိုက်ခိုက်ရှင်းလင်း လိုက်ရသည် ဟု ပါရှိသည်။သျှမ်းပြည်တပ်မတော် SSPP/SSA နှင့် မြန်မာအစိုးရတို့သည် ၂ဂ၁၂ ခု တွင် ပြည်ထောင်စု အဆင့် ငြိမ်းချမ်းရေး လက်ရေးလက်မှတ်ရေးထိုးထား သည့် တပ်ဖြစ်သည်။သျှမ်းသံတော်ဆင့်
https://www.facebook.com/Panglong.burmese

## အပစ်ရပ်စာချုပ် လက်မှတ်ထိုးထားသည့် အဖွဲ့များ နှင့် မထိုးရသေးသည့် အဖွဲ့များ ရှေ့လုပ်ငန်းစဉ်များ တွေ့ဆုံညှိနှိုင်းမည်

31.10.2015

အစိုးရနှင့် NCA ရေးထိုးထားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့နှင် လက်မှတ်မထိုးသေးသည့်အဖွဲ့များ ရှေ့ဆက်လုပ်ငန်းများ ညှိနှိုင်းရန်အတွက် လာမည့် နိုဝင်ဘာလ ပထမပတ်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပမည် ဖြစ်သည်။လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား အဖွဲ့အစည်း ၈ ဖွဲ့တို့မှ NCA ကို အစိုးရနှင့် လက်မှတ် ရေးထိုး ပြီး

နောက်ပိုင်း လုပ်ဆောင်မှုများနှင့် ဆက်လုပ်ငန်းစဉ်များ ကို ဆွေးနွေးသွား မည် ဟု (KNU) အထွေထွေ အတွင်းရေးမှူး ပဒိုကွယ်ထူးဝင်းက ပြောသည်အစိုးရနှင့်ဖွဲ့စည်းထားသော ပစ်ခတ် တိုက်ခိုက်မှုဆိုင်ရာပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲ ကော်မတီ(UPDJC) အဖွဲ့ဝင်များလည်းၚင်းတို့၏ဆွေးနွေးချက်များကို တင်ပြမည် ဖြစ်ပြီး ထိုအစည်းအဝေးပြီးနောက် ၎င်းတို့၏ အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက် ကျင်းပသွားမည်။ NCA အားမည်သို့ အကောင်အထည်ဖော်ကြမည်ဆိုသည်ကို ဆွေးနွေးကြမည် ဖြစ်ပြီးလက်မှတ်ထိုးသည်အဖွဲ့တွင် မပါသည့်အဖွဲ့များမည်သို့ဆက်စပ်သွားကြမည်ဆိုသည်ကို ဆွေးနွေးကြမည်ဟု ဗိုလ်မှူးကြီး စိုင်းလက ပြောသည်။ဖနိဒါ http://mizzimaburmese.com/article/6756#sthash.4om3V8fJ.dpuf

## ELECTION

## နိုင်ငံရေးပါတီများ၏ သတင်းများကို သတင်းမီဒီယာအနည်းစုသာ ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ပြဟု MID အစီရင်ခံစာဖော်ပြ

31.10.2015

ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်းနိုင်ငံရေးပါတီများ၏သတင်းများတင်ဆက်ဖော် ပြရာတွင်သတင်းမီဒီယာအနည်းစုသာဓမ္မဓိဋ္ဌာန်ကျကျမျှတစွာရေးသားဖော်ပြထားမှုတွေ့ရှိရကြောင်းမီဒီယာလေ့လာစောင့်ကြည့်ရေးအဖွဲ့ Myanmar Ins-titute Democracy (MID) မှ ထုတ်ပြန်သည့် အစီရင်ခံစာ ၌ ဖော်ပြထား သည်။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ မူဝါဒဆိုင်ရာ အခြေခံများကို သတင်းအဖြစ်ဖော်ပြမှု၌အစိုးရပိုင်သတင်း မီဒီယာမှ အနည်း အကျဉ်း သာဖော်ပြပြီးလက်ရှိအစိုးရ၏ အောင်မြင်ပြီးမြောက်သောလုပ်ငန်းစဉ်များနှင့် ခရီးစဉ်များကိုသာတင်ဆက်ဖော်ပြထားကြောင်းအစီရင်ခံစာတွင်ဖော်ပြထားသည်။နိုင်ငံရေးနှင့်ရွေးကောက်ပွဲဆိုင်ရာ သတင်းများကိုဖော်ပြရာတွင်မြန်မာ့အလင်း နှင့်ကြေးမုံသတင်းစာ၌ အစိုးရသတင်းဖော်ပြမှု ၃၇.၇%၊NLD ၀.၁% နှင့် USDP ပါတီသတင်းဖော်ပြမှု၁.၀% ရှိကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။ပုဂ္ဂလိကပိုင်သတင်းမီဒီယာများဖြစ်သည့် Eleven သတင်းစာ၌ NLD သတင်းဖော်ပြမှု ၅၇ %၊ USDP  ၁၉ %၊ 7Day ၌ NLD သတင်းဖော်ပြမှု ၅၀.၄%၊ USDP ၁၈.၇%၊ The Voice သတင်းစာ၌ NLDသတင်းဖော်ပြမှု ၃၀.၈%၊ USDP ၁၉.၆% ရှိကာ ဒီမိုကရေ စီတူဒေး၊ Messenger News ၊ မြန်မာတိုင်းမ်၊ TOMORROW  ဂျာနယ်တို့ တွင် NLD သတင်း ဖော်ပြမှုမှာလည်း USDP ထက်ပိုများကြောင်း အစီရင်ခံစာ တွင် ဖော်ပြထား သည်။DVB သတင်းဌာနသည် နိုင်ငံရေးနှင့် ရွေးကောက်ပွဲသတင်းများဖော်ပြရာ ဓမ္မဓိဋ္ဌာန်ကျစွာ၊မျှတစွာ ဖော်ပြပေးသည်ကို မစ္စတာRasto Kuzel ကဆက်လက်ပြောသည်။ အင်တာနက်မီဒီယာများဖြစ်သည့် ဧရာဝတီ၊ မဇ္ဈိမနှင့် Eleven သတင်းဌာနတို့သည် USDP ထက် NLD သတင်းကို ပိုမိုဖော်ပြကြသည်ဟုအစီရင်ခံစာတွင် ဖော်ပြ ထားသည်။ယင်းအစီရင်ခံစာမှာ ရုပ်မြင် သံကြားလိုင်း၅ လိုင်း၊ရေဒီယိုလိုင်း ၈လိုင်း၊ သတင်းစာ၁၀စောင်နှင့် အင်တာနက်သတင်းမီ ဒီယာသုံးခုတို့မှစစ်တမ်းကောက်ယူထားခြင်း ဖြစ်သည်။သက်အောင် http://www.7daydaily.com/story/49899

## UEC အပေါ် ကျနော် အယုံအကြည် မရှိတော့ဘူး

30.10.2015

ရွေးကောက်ပွဲကျင်းပရန် ၁၀ရက်ခန့်အလိုတွင် ရှမ်းပြည်နယ်အတွင်းရှိမြို့နယ်၂ခုနှင့်ကျေးရွာ၅၀တွင်ရွေးကောက်ပွဲကျင်းပတော့မည် မဟုတ် ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်(UEC) မှ ထုတ်ပြန် ကြေညာ သည်ကို တိုင်းရင်းသားပါတီတခု ဖြစ်သည့် ရှမ်းအမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်  (SNLD) က ကန့်ကွက်ကြောင်း ထုတ်ပြန်ခဲ့သည်။ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန်အတွက်ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၏ ပြိုင်ဘက်ပါတီ

ဖြစ်သောရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) မှ တောင်းဆိုခဲ့ခြင်းဖြစ်ပြီး (SNDP) မှာပြည်ခိုင်ဖြိုး၏ မဟာမိတ် ဖြစ်သည်။ (SNLD) ခေါင်းဆောင် ဦးခွန်ထွန်းဦးမှပြောကြားရာတွင်နာဂစ်၊ရခိုင်ရေဘေချင်းပြည်နယ်များ တွင် သဘာဝဘေး ကျရောက်ခဲ့သော်လည်း ယခုကဲ့သို့ ရပ်ဆိုင်းခြင်းမပြုလုပ်သဖြင့် ရည်ရွယ်ချက် ရှိရှိနဲ့လုပ်သည် ဟု ယူဆကြောင်း မတရားဟုသတ်မှတ် လက်မခံပါ။ တိုက်ပွဲ ဖြစ်မည့် ကိစ္စကို ကော်မရှင်မှာဂရက်ခန့်ကြိုသိ သည် ကိုသိချင်ကြောင်း မေးပါသည်။သေချာသည်မှာ SNDP မှဝင်းတို့ ရှုံးနိုင်သည့်နေရာများတွင်ရွေးကောက်ပွဲ ရွှေ့ဆိုင်း ပေးရန်ပြောပြီးရွေးကောက်ပွဲကော်မရှင်မှလည်းကွင်းဆင်းမကြည့်ဘဲအတည်ပြုသဖြင့်နစ်နာကြောင်းပြော ပါသည်။ SNLD နှင့် NLD မဟာမိတ်ဖွဲ့မည် ကို တားဆီးရန် လုပ်နေသည်မှာ ထင်ရှားကြောင်းUEC အပေါ်အယုံအကြည်မရှိ တော့ကြောင်း ဦးခွန်ထွန်းဦးမှ ပြောပါသည်။

http://burma.irrawaddy.org/election/interview/uec

## “ပဲခူးတိုင်းဝန်ကြီးချုပ် ဦးဉာဏ်ဝင်း ပြည်တွင် မဲဆွယ်ဟောပြော”

31.10.2015

ပဲခူးတိုင်း ဝန်ကြီးချုပ်နှင့် ပြည်လိုင်ဖြိုး ကိုယ်စားလှယ်လောင်း ဦးဉာဏ်ဝင်းသည် ပြည်မြို့ လေးထပ်ပြင်အားကစားကွင်း အတွင်းတွင် အောက်တိုဘာ ၃၁ နံနက်ပိုင်းတွင် အောင်နိုင်ရေး မဲဆွယ်ဟောပြောမှုတစ်ခုပြုလုပ်ပြီးဒေသခံများနှင့်တွေ့ ဆုံပွဲတွင်ပြောရာ ပြောင်းလဲဖို့အချိန်တန်ပြီ ဆိုသည်မှာ ဒီမိုကရေ စီပြောင်းလဲဖို့ လား အခြားဘာတွေပြောင်း ချင်လို့လဲ မေးခွန်း ထုတ်စရာဖြစ်ကြောင်း ၊ရွေးကောက်ပွဲတွင် တရားသဖြင့်ယှည်ပြိုင်အနိုင်ယူသွားမည်ဖြစ်ပြီးဝင်း တို့အစိုးရသည် အမျိုးသားရေးနှင့်ပတ်သတ်လျှင်မည်သူ့မျက်နှာမှမထောက်ပဲကိုယ့်လူမျိုးဘက် ပြတ်ပြတ်သားသား ရပ်တည်သွား မည် ဖြစ်ပြီး ပြည်ခိုင်ဖြိုးသည်မိမိလူမျိုး၊မိမိနိုင်ငံ၊မိမိ ယဉ်ကျေးမှု ဓလေ့ စရိုက်များကိုဦးထိပ်ပန်ဆင်ကာဇာတိပုညဂုဏ်မာနကို တန်ဖိုးထားပါကြောင်း၊ မိမိတို့လူမျိုးအနေဖြင့် စာရင်းမဝင်သည့် မည်သည့် ပုဂ္ဂိုလ်၊မည်သည့်လူမျိုးကိုမှနိုင်ငံသားအဖြစ်၊ လက်ခံမှာမ ဟုတ်ကြောင်းပါတီ ကိုယ်စားရဲရဲတင်းတင်းပြောကြားလိုပါသည်ဟု ဦး ဉာဏ်ဝင်းကပြောသည်။

‘7Day News Journal

## နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်၏ ရာထူး အရှိန်အဝါ အသုံးပြုကာ ပြည်ခိုင်ဖြိုး ပါတီမှ ဧရာဝတီတိုင်း ဒေသကြီးအတွင်း မဲဆွယ်နေသည့်အပေါ် ဝေဖန်မှုများ ရှိနေ

31.10.2015

လက်ရှိ နိုင်ငံတော် အဆင့်မြင့် အာဏာ ရရှိထားသူများ ရွေးကောက်ပွဲတွင် လွှမ်းမိုးမှုရရှိရန်နှင့် အခွင့်ထူးရရန်မိမိတို့၏ လုပ်ပိုင်ခွင့် အာဏာများ အသုံးမပြုရဆိုသည်ကို နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများကျင့်ဝတ် Code of Conduct တွင်ပါပြီးသား ဖြစ်သော် လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခုရွေးကောက်ပွဲတွင်အသာစီး ရရန် လွှမ်းမိုးမှုရရန်အသုံးချနေသည်မှာ ပေါ်လွင်နေသည် ဟု ဧရာဝတီတိုင်း ဒေသကြီး NLD ပါတီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးညွန့်က ပြောကြားသည်။http://goo.gl/m5AWjg **Eleven Media Group**

## "ခေတ်မီတပ်မတော်ဖြစ်အောင်ဆက်လက်လုပ်ဆောင်မည်ဟု ဦးလှရွှေဝင်းဆို"

31.10.2015

ဒို့တာဝန်အရေးသုံးတည်တံ့ခိုင်မြဲရေးအတွက်တပ်မတော်အခန်းကဏ္ဍတွင်အင်အားတောင့်တင်းပြီးစွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ခိုင်ဖြိုးဖွံ့ဖြိုး ဗဟိုအလုပ်အမှုဆောင်၊ဇေယျာသီရိ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်လောင်းဦးလှရွှေဝင်းကပြောသည်။အောက်တိုဘာ ၃၁ ရက်နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါသန္တိ စေတီ တပေါင်းကွင်း တွင် ပြုလုပ်ခဲ့ သည့် ပြည်ခိုင်ဖြိုး ပါတီ ကိုယ်စားလှယ် လောင်း ဗိုလ်ချုပ်ကြီးဟောင်း (ငြိမ်း) ဦးလှရွှေဝင်းနှင့်ဒု ဗိုလ်ချုပ်ကြီးဟောင်း(ငြိမ်း)ဦးဝေလွင်တို့ဟောပြောခဲ့သည်။ပါတီတွေ့ဆုံပွဲတွင်ပါတီကိုယ်စားလှယ်လောင် များဖြစ်ကြသည့်ဦးလှရွှေဝင်း၊ဦးဝေလွင်၊ဦးမြတ်ဟိန်း၊ဦးမတ်ကြီး၊ဦးမြင့်လှိုင်တို့တက်ရောက်ခဲ့ပြီးပြည်ခိုင်ဖြိုးပါတီဝင်အင်အား နှစ်ထောင်နီးပါးတက်ရောက်ခဲ့သည်။7Day News Journal